စာအမှတ်...............
ရက်စွဲ...............

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်

**စာရင်းကိုင်(၄)ရာထူး ၂ နေရာ၊ အငယ်တန်းစာရေးရာထူး ၇ နေရာ၊ ရုံးအကူရာထူး ၁ နေရာအတွက် လျှောက်လွှာနောက်ဆုံးထားတင်ပြရမည့် နေ့ရက်နှင့် ရေးဖြေ ဖြေဆိုရမည့်နေ့ရက်တို့အား ရွှေ့ဆိုင်းကြောင်း အသိပေးကြေညာချက်**

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ခေါ်ယူခန့်ထားမည့် စာရင်းကိုင်(၄)ရာထူး ၂ နေရာ၊ အငယ်တန်းစာရေးရာထူး ၇ နေရာ၊ ရုံးအကူရာထူး ၁ နေရာအတွက် လျှောက်လွှာများကို **၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် (၁၆ ၃၀ )နာရီ နောက်ဆုံးထား တင်ပြရန်ဖြစ်ကြောင်း၊ ဖြေဆိုခွင့်ကတ်အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နှင့် ၁၇ ရက်နေ့တို့တွင်** ထုတ်ပေးမည်ဖြစ်ကြောင်းနှင့် ရေးဖြေစာမေးပွဲကို ရန်ကုန်(ရုံးချုပ်)တွင် **၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၌** ဖြေဆိုရမည်ဖြစ်ပါကြောင်း **၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့**တွင် အသိပေးကြေညာခဲ့ပါသည်။

၂။ လျှောက်ထားသူများအနေဖြင့် လျှောက်လွှာနောက်ဆုံးထားတင်ပြရမည့် နေ့ရက်အား **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ထိ** ရွှေ့ဆိုင်းလိုက်ပါကြောင်းနှင့် ရေးဖြေ ဖြေဆိုမည့်နေ့ရက်နှင့် ဖြေဆိုခွင့်ကတ်ထုတ်ယူရမည့်နေ့ရက်အား ထပ်မံအသိပေးကြေညာမည်ဖြစ်ပါကြောင်း သိရှိနိုင်ပါရန် အသိပေးအပ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ တယ်လီဖုန်းအမှတ်၊ **၀၁-၆၅၈၁၂၅** သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန